**Civil Registration and Vital Statistics (CRVS) stakeholder workshop: Business Process Mapping Workshop ကျင်းပ**

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်

Civil Registration and Vital Statistics (CRVS) stakeholder workshop ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင် Horizon Lake View Hotel ၌ ပြုလုပ်ခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ဗဟိုစာရင်းအင်းအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင် နှင့် နိုင်ငံသားဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ University of Melbourne မှ Consultant ၊ တိုင်းဒေသ ကြီး/ပြည်နယ် ကျန်းမာရေးဦးစီးမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးများ၊ ဆေးရုံအုပ် ကြီးများ၊ မှုခင်းဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ သားဖွားဆရာမများ၊ ဗဟိုစာရင်းအင်းအဖွဲ့မှ တိုင်းဒေသကြီး နှင့် ပြည်နယ်တာဝန်ခံများ၊ UNICEF ၊ World Bank နှင့် Bloomberg Data for Health Initiative အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ သေဆုံးမှုမှတ်ပုံတင်ခြင်းစနစ် ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန်၊ SDGs Goals များပြည့်မီရန်နှင့် အချိန်မီဆောင်ရွက်နိုင်ရန်၊ CRVS stakeholders များအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်နှင့် စွမ်းရည်ပြည့်ဝ သည့် သေဆုံးမှုမှတ်ပုံတင်ခြင်းစနစ်ဖြစ်လာစေရန် ခေတ်မီနည်းစနစ်များအသုံးပြု၍ အစီအစဉ် များရေးဆွဲပြီး သက်ဆိုင်ရာဌာနများအကြား အတူတကွပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ရည်ရွယ် ၍ မွေးဖွားမှုနှင့်သေဆုံးမှုဆိုင်ရာစနစ်ကို ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းစဉ်များကို ဆွေးနွေး ခဲ့ကြပါသည်။





Bloomberg Philanthropies
DATA FOR HEALTH INITIATIVE
THE UNIVERSITY OF MELBOURNE
CRVS Stakeholder Workshop: Business Pro s Mapping Workshop